- ‘အသင်မသည် ထိုသို့သောစကားကို ပြောဆိုလိုက်ပြီ၊ အကယ်၍ထိုစကားကို သမုဒ္ဒရာ၏ ရေထဲတွင် ရောစပ်လိုက်လျှင်

၎င်းသည် ထိုရေ၏ အရသာကို ပြောင်းလဲပစ်လိမ့်မည်။

မုအ်မင်န်တို့၏ မိခင်ကြီး အာအိရှဟ် (ရဿွိယလ္လာဟုအန်ဟာ)က ဆင့်ပြန်ခဲ့သည်။
“ကျွန်မသည် တမန်တော်မြတ် (ဆွလ္လလာဟုအလိုင်ဟိဝစလ္လမ်) အားလျှောက်ထား‌ပြောဆိုခဲ့သည်- ‘စွဖီယဟ်က ကိုယ်တော့်အတွက် ဤသို့ ဤသို့ဖြစ်ခြင်းပင်လုံလောက်ပါသည်’ (ရာဝီဆင့်ပြန်သူတစ်ဦးက သူမ(အာအိရှဟ်သခင်)သည်
စွဖိယဟ်သခင်မအားအရပ်ပုသောမိန်းမဟု ရည်ရွယ်ခဲ့ခြင်း ဖြစ်သည်) ထိုအခါ
တမန်တော်မြတ် (ဆွလ္လလာဟုအလိုင်ဟိဝစလ္လမ်) က မိန့်ကြားတော်မူသည်- ‘အသင်မသည်
ထိုသို့သောစကားကို ပြောဆိုလိုက်ပြီ၊ အကယ်၍ ထိုစကားကို သမုဒ္ဒရာ၏ ရေထဲတွင်
ရောစပ်လိုက်လျှင် ၎င်းသည် ထိုရေ၏ အရသာကို ပြောင်းလဲပစ်လိမ့်မည်။’ သူမက
ဆက်လက်လျှောက်ထားသည်။ ‘ကျွန်မက လူတစ်ဦး၏ အမူအရာကို တုပခဲ့ခြင်းသာ ဖြစ်ပါသည်’
ထိုအခါ တမန်တော်မြတ် (ဆွလ္လလာဟုအလိုင်ဟိဝစလ္လမ်)က မိန့်တော်မူသည်- ‘ငါကိုယ်‌
တော်သည် လူတစ်ဦးတစ်ယောက်၏ အမူအရာကိုတုပခြင်းအား မနှစ်သက်ပါ၊ ထိုအလုပ်အတွက်
ငါကိုယ်တော်အား ဤမျှဤမျှသော စည်းစိမ်ဥစ္စာကို ပေးစေကာမူ မနှစ်သက်ပါ။’” [صحيح] [رواه أبو داود والترمذي وأحمد]

မုအ်မင်န်တို့၏မိခင်ကြီး အာအိရှဟ် (ရဿွိယလ္လာဟုအန်ဟာ) က တမန်တော်မြတ် (ဆွလ္လလာဟုအလိုင်ဟိဝစလ္လမ်) အား လျှောက်ထား‌ ပြောဆိုခဲ့သည်မှာ ကိုယ်တော့်အတွက်စွဖီယဟ်သည်(မုအ်မင်န်တို့၏မိခင်ကြီး စွဖိယဟ်သခင်မကို ဆိုလိုခြင်းဖြစ် သည်) သူမ၏ခန္ဓာကိုယ်ပိုင်းဆိုင်ရာ အပြစ်အနာဆာတစ်ခုဖြစ်သည့် အရပ်ပုရုံဖြင့် လုံလောက်ပါသည်။ထိုအခါ တမန်တော်မြတ် (ဆွလ္လလာဟုအလိုင်ဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်- “အသင်မသည်ထိုသို့သောစကားကို ပြောဆိုလိုက်ပြီ၊ အကယ်၍ ထိုစကားကို ပင်လယ်ရေထဲတွင်ရောစပ်လိုက်လျှင် ၎င်းသည် မုချ ထိုရေကိုလွှမ်းမိုးသွားပြီး၎င်း၏အရသာကိုပြောင်းလဲစေ၍ ဖျက်ဆီးပစ်လိုက်လိမ့်မည်။ သခင်မက လျှောက်ထားသည်မှာ- "ကျွန်မသည် လူတစ်ဦးကို နိမ့်ချစေလိုသည့်အနေဖြင့် သူ၏ အမူအရာကိုအတုခိုးပြုလုပ်မိပါသည်"။ ထိုအခါ တမန်တော်မြတ် (ဆွလ္လလာဟုအလိုင်ဟိဝစလ္လမ်)ကမိန့်တော်မူသည်- "အကယ်၍ ငါကိုယ်တော်အား လောကကြီးတစ်ခုလုံးကို ပေးအပ်ခဲ့သော်လည်းသူ၏အပြစ်အနာအဆာကို ပြောဆိုရန်၊ သို့မဟုတ် အထင်သေးကြောင်းပြသည့် အနေဖြင့်သူ၏အမူအရာကို အတုခိုး၍ ပြုမူရန်၊ သို့မဟုတ် သူ၏စကားကို ပြောဆိုရန် ငါကိုယ်တော်နှစ်သက်တော်မူမည်မဟုတ်ပါ။"

http://sunnah.global/hadeeth/my/show/3705